The Standard Time Daily
www.sdtimedaily.com
www.facebook.com/standardtimedaily

# ‘‘တောင်သူလက်သစ’’က လုပ်ငန်းအသစ်ကို သယ်ဆောင်လာ

တကယ့်စစ်မှန်သော ယဉ်ကျေးမှုထွက်ကုန်စီးပွားရေးဆိုသည်မှာ လူငယ်တွေ မွေးရပ်မြေပြန်လာခြင်းနှင့် မွေးရပ်မြေမှာ ကျန် ခဲ့သူများ၏ စားဝတ်နေရေးပြဿနာကို ဖြေရှင်းပေးနိုင်၍ လူငယ်များအား မွေးရပ်မြေသို့ သည့်ထက်မက ပြန်နိုင်ကြစေပြီး ‘‘တောင်သူလက်သစ’’အနေဖြင့် အသက်မွေးနိုင်စေခြင်း၊ သို့မဟုတ် မွေးရပ်မြေ၌ ကျန်ရစ်ခဲ့၍ နဂိုကတည်းက ဝင်ငွေရလမ်း မရှိသူများအား အရက်ကောင်းကောင်း ချက်တတ်သည့်ပညာ၊ အထည်တစ်စ ကောင်းကောင်းရက်လုပ်တတ်သည့် ပညာတို့ဖြင့် ဂုဏ်သိက္ခာနှင့် ဝင်ငွေတို့ကို ရရှိလာစေခြင်းပင် ဖြစ်လေသည်။ ထိုမြေပေါ်က လူတွေကို ထိုမြေကြီးအား ဆက်လက်စောင့်ရှောက်ချင်လာစေပြီး ထိုဒေသအကြောင်းကို စဉ်ဆက်မပြတ် ပြောပြသွားနိုင်စေခြင်းပင် ဖြစ်လေသည်။



## ထောင်သောင်းချီသော ဘလော့ဒ်ဂါများ တောင်ပေါ်မှာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေ အနှစ်ကို စောင့်ရှောက်ကြ

လီဇီချီသည် တရုတ်ရိုးရာ ယဉ်ကျေးမှုဆိုင်ရာ ဗီဒီယိုအတိုများ ဖန်တီးသူ ဖြစ်သည်။ YouTube ၌ လည်း ဖော်လိုဝါ သန်းချီ ပိုင်ဆိုင်ထား၏။ သူဖန်တီးသည့် ဗီဒီယိုအတိုများက အင်မတန် ရိုးရှင်းပါသည်။ ဘဝကို မှတ်တမ်းတင်ခြင်းပင် ဖြစ်၏။ ၂၀၁၆ ခုနှစ်မှစ၍ သူသည် စပျစ်သီး အခွံဖြင့် အဝတ်အစားပြုလုပ်သည့် ဗီဒီယိုတစ်ခုကို Meipai လူမှုကွန်ရက်၌ တင်လိုက်ရာက မထင်မှတ်ဘဲ လိုက်ခ်အရေအတွက် သိန်းချီ ရရှိခဲ့သည်။

သည့်နောက်ပိုင်းတွင် သူက ရိုးရာလက်မှုပညာ အကြောင်းကို စနစ်တကျ ရိုက်ကူးလာခဲ့သည်။ လက်လုပ်စက္ကူ ပြုလုပ်ခြင်းမှသည် စီခွမ်းပိုးထည်အထိ၊ ရှေးဟောင်းပဲငံပြာရည်ပြုလုပ်နည်းမှသည် လန်းကျိုးလားမုန့်ခေါက်ဆွဲ ပြုလုပ်ခြင်းအထိ ပါဝင်ရာ ဗီဒီယိုတစ်ခုစီအတွက် လပေါင်းများစွာမှ တစ်နှစ်နီးပါး ကြိုးစားဖန်တီးခဲ့ခြင်း ဖြစ်လေသည်။

သည့်နောက်မှာ လီဇီချီသည် စီခွမ်းနှင့် ဟူနန်အနောက်ပိုင်း စသည့် ဒေသများသို့ ထဲထဲဝင်ဝင် သွားရောက်ပြီး ရိုးရာလက်မှုပညာများ ‘‘လူသိနည်းစွာ အမွေဆက်ခံခြင်း’’ မှသည် ‘‘စီးပွားဖြစ် လုပ်ကိုင်ခြင်း’’ဖြစ်လာသည်အထိ ပြောင်းလဲလာခြင်းကို ကိုယ်တွေ့မျက်မြင် တွေ့ရှိခဲ့လေသည်။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် အလုပ်ရုံထဲတွင် လူငယ်များအား ပန်းထိုးပညာ သင်ပေးနိုင်သေးသည့် အသက် ၉၀ နီးပါးရှိသော အဘွားအို ကိုလည်း ခွဲခေနစရာမလိုဘဲ အိမ်မှာနေရင်းနှင့်ပင် အလုပ်လုပ်ကိုင်နိုင်သည့် ကလေးတစ်ဖက်နှင့်အစ်မကြီးကို သူမ မြင်တွေ့ခဲ့သည်။ တောထဲတောင်ထဲမှာ နေ့ဟောင်းလက်မှုပညာဖြင့် ဝင်ငွေ ရရှိနေသူများအား သူမ မြင်တွေ့ခဲ့သည်။

ထိုအတွေ့အကြုံများ တွေ့ကြုံပြီးနောက် သူမက ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်။ ကင်မရာရှေ့ကနေ ကင်မရာနောက်ကွယ်သို့ ဝင်မည်ဟု သူမက ဆုံးဖြတ်လိုက်သည်။

ယခုအခါ လီဇီချီ၏ အလုပ်မှာ ‘‘ဗီဒီယိုကောင်း ရိုက်ကူးခြင်း’’မှသည် ‘‘လက်မှုပညာအား အမွေဆက်ခံ တိုးတက်ပြန့်ပွားရေး’’ ဆီသို့ ပြောင်းလာခဲ့ပြီ ဖြစ်သည်။ သူမတွန်းအားပေးလုပ်ဆောင်ပေးသည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် အလုပ်ရုံများမှာ စီခွမ်း၊ ဟူနန်၊ ကွေ့ကျိုး စသည့် ဒေသများကို လွှမ်းခြုံထားပြီး ထိုအထဲက ချန်းပန်းထိုးပညာ ကိုယ်စားပြု အမွေဆက်ခံသူ ချန်ယွင်ကျင်သည် အနီးပတ်ဝန်းကျင်မှ အမျိုးသမီးများအား ဦးဆောင်၍ မူလက စောင်များနှင့် အဝတ်အစားများပေါ်တွင်သာ ရှိခဲ့သည့် ဒီဇိုင်းပုံများကို ခွက်အောက်ခံ၊ မှတ်စုစာအုပ်၊ ပိုက်ဆံအိတ် စသည်တို့ပေါ်တွင်လည်း ပန်းထိုးခြင်းဖြင့် လက်မှုပညာကို ကုန်ထုတ်လုပ်ငန်းဖြစ်လာစေသလို ကျေးလက်ဒေသ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကိုလည်း ပိုမိုပြည့်စုံလာစေခဲ့သည်။

ဗီဒီယိုဖန်တီးသူတစ်ဦးမှသည် လူတစ်စုအား လက်မှုပညာဖြင့် ဝင်ငွေပိုလျှံလာစေသည်အထိ ဖြစ်အောင် လီဇီချီက ဆယ်နှစ်နီးပါးအချိန်အတွင်း ဆောင်ရွက်ပြီးမြောက်ခဲ့သည်။ ‘‘အနုပညာဟာ မြေကြီးမှာ အမြစ်တွယ်မိသွားတဲ့အခါ သူက လေထဲမှာ တွဲလောင်းခိုနေတာမျိုး မဟုတ်တော့ဘူး။ သူက တောင်သူတစ်ဦးချင်းစီအတွက် ဝင်ငွေတွေ ဖြစ်တယ်။ အသက် ၉၀ နီးပါးအရွယ် အဘွားအိုတစ်ယောက်မှာ ရှိအပ်သေးတဲ့ ဂုဏ်သိက္ခာ ဖြစ်တယ်။ ကိုယ့်ရင်သွေးနဲ့ ခွဲခေနေရာ မလိုတဲ့ မိခင်တစ်ယောက်ရဲ့ မနက်ခင်းဖြစ်တယ်။ လယ်ကွင်းကို လေပြည်တိုက်ခတ်သွားတဲ့အခါ အမိုးအောက်က ကျွန်မတို့နဲ့ သက်ဆိုင်တဲ့ ဘဝတွေ ဖြစ်တယ်’’ဟု လီဇီချီက သူမ၏ ဆောင်းပါးထဲတွင် ရေးသားထားပါသည်။

ဒါဟာ လီဇီချီ ရွေးချယ်ခဲ့သည့် လမ်းဖြစ်၏။ ယဉ်ကျေးမှုထွက်ကုန်များအား မြင်ရစေရုံသာမက ပညာအမွေဆက်ခံနိုင်သည်အထိ ဖြစ်လာစေခဲ့သည်။

## အကသင်တန်းသား ဇာတိရွာ ပြန်၍ နွားမွေးပြီ

ရှန်းရှီးပြည်နယ်၊ လွိလျန်မြို့၊ ကျန်းယန်ခရိုင်၏ တောနက်ထဲတွင် အသက် ၂၆ နှစ်အရွယ် ရွာပြန်၍ စွန့်ဦးတီထွင်လုပ်ငန်းတည်ထောင်သော တက္ကသိုလ်ကျောင်းသား ကိန်ဖေဖေသည် မော်တော်ဆိုင်ကယ်ကို စက်ဘီးလိုက်လျှင် သူ့နောက်က အမဲလိုက်ခွေးများက သူနှင့်အတူ တောင်ပေါ်တက်၍ နွားရှာထွက်ရန် မော်တော်ဆိုင်ကယ် နောက်ထိုင်ခုံပေါ်သို့ အလုအယက် ခုန်တက်ကြလေသည်။ ထိုစိတ်ဝင်စားဖွယ်ကောင်းသော ဗီဒီယိုအတိုမှာ တရုတ်အင်တာနက် လူမှုကွန်ရက်တွင် ကြည့်ရှုမှုအကြိမ်ပေါင်းသုံးသန်းနီးပါး ရှိခဲ့သည်။ ကျေးလက်ဒေသတွင် နွားမွေးမြူသည့် နေ့စဉ်ဘဝအကြောင်းကို မျှဝေလေ့ရှိသည့် ထိုလူငယ်တွင် ဖော်လိုဝါအရေအတွက်သုံးသိန်းနီးပါးမျှ ပိုင်ဆိုင်ထား၍ အရေအတွက်မှာလည်း ဆက်လက် မြင့်တက်လျက်ရှိလေသည်။

ကျေးလက်နေထိုင်သူ မိဘအတော်များများနည်းတူ ကိန်ဖေဖေ၏မိဘမှာလည်း မိမိတို့၏ သားမောင်ကို တက္ကသိုလ်ဘွဲ့ရပြီးနောက် မြို့ပေါ်မှာပဲ အလုပ်အကိုင်ကောင်းကောင်း ရရှိစေချင်ပြီး ရွာပြန်၍ လယ်ယာလုပ်ငန်း မလုပ်ကိုင်စေလိုကြချေ။ ‘‘မိဘက နွားမွေးလို့ရတဲ့ငွေနဲ့ ကျွန်တော်နဲ့ ကျွန်တော့်ညီကို တက္ကသိုလ်ရောက်တဲ့အထိ ကျောင်းထားပေးတယ်။ သူတို့က နွားမွေးရတာကို ဂုဏ်မရှိဘူး၊ တက်လမ်းမရှိဘူးလို့ ထင်ကြတာကိုး’’ဟု ကိန်ဖေဖေက ပြောပြသည်။

အွန်လိုင်းပေါ်သို့ ဗီဒီယိုများ ဆက်တင်၍ ဖော်လိုဝါဦးရေ ထိုးပွားလာခြင်းအပြင် ရောင်းချမှုကွင်းဆက် တစ်ခုလုံးကိုပါ ကိန်ဖေဖေက အသစ်တစ်ဖန် ပုံဖော်ခဲ့လေသည်။ နွားခြံတွင် လိုက်ဖိလွှင့်ရောင်းခြင်း၊ ဖော်လိုဝါတွေကိုယ်စား နွားဝယ်ပေးခြင်း၊ စားသောက်ကုန်စက်ရုံများနှင့် ပူးပေါင်း၍ မိမိ၏ ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် အမဲသားများကို အွန်လိုင်းတွင် ဆိုင်ဖွင့်ရောင်းချခြင်း စသည်တို့ကို လုပ်ဆောင်လာခဲ့သည်။

‘‘ဗီဒီယို အတိုတွေကြောင့် ဖော်လိုဝါတွေ ရရှိလာပြီး စျေးကွက်နဲ့ ဖော်လိုဝါတွေကို ခိုတ်ဆက်လိုက်တဲ့အခါ မိရိုးဖလာ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းဟာလည်း ဖွံ့ဖြိုးမှုနည်းလမ်းသစ်နဲ့ စွန့်ဦးတီထွင်လုပ်ငန်းဖန်တီးနိုင်မယ့် အခွင့်အလမ်းတွေ ရှိလာပါတယ်’’ ဟု ကိန်ဖေဖေကပြောပြသည်။

သူ၏ အောင်မြင်မှုကြောင့် တိမ်မွေးကုပညာသင်ယူနေသော ညီဖြစ်သူ ကိန်အော့ဖေလည်း ဘွဲ့ရပြီး သည်နှင့် ရွာပြန်လာပြီး သူနှင့်အတူ နွားမွေးမြူရေး စွန့်ဦးတီထွင်လုပ်ငန်း တည်ထောင်လေသည်။ နှစ်နှစ်အတွင်းမှာပင် ညီအစ်ကိုနှစ်ယောက်၏ နွားခြံမှာ မူလက နွားအကောင်ရေ ၇၀ ကျော် မွေးမြူခဲ့ရာမှ အကောင်ရေ ၂၀၀ ကျော်အထိ တိုးတက်လာပြီး အနီးအနားရှိ မွေးမြူရေးသမားများစွာနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုစာချုပ် ချုပ်ဆိုပြီး ဖြစ်လေသည်။

ယခုအခါ တရုတ်နိုင်ငံ၌ ကိန်ဖေဖေတို့လို ၂၀၀၀ ပြည့်လွန်နှစ်ဖွား တောင်သူလက်သစ် အရေအတွက်မှာ အရှိန်အဟုန်ဖြင့် တိုးတက်လာလျက်ရှိသည်။ သူတို့အဖို့ ဗီဒီယိုအတိုပလက်ဖောင်းမှာ ဖျော်ဖြေရေးသာမက ကုန်ထုတ်လုပ်ရေး ဘဝနေနည်းတစ်မျိုးလည်းဖြစ်လေသည်။

## ဆက်စပ်ဖတ်ရှုရန်။ ။ ‘‘ယဉ်ကျေးမှုထွက်ကုန်စီးပွားရေး’’ ဆိုတာဘာလဲ

‘‘တရုတ်ယဉ်ကျေးမှုထွက်ကုန် အစီရင်ခံစာ’’တွင် ‘‘ယဉ်ကျေးမှုထွက်ကုန်’’အား ဒေသတစ်ခုကပေါက်ဖွား၍ အစဉ်အဆက် အမွေဆက်ခံလာခဲ့သော ထူးခြားသည့် ယဉ်ကျေးမှုတံဆိပ်ခတ်နှိပ်ရာနှင့် ဘဝနေထိုင်မှုပုံစံတို့၏ ပေါင်းစပ်မှုဟု ဆိုထားသည်။

ယဉ်ကျေးမှုထွက်ကုန် စီးပွားရေးမှာ စီးပွားရှာနေခြင်း မဟုတ်။ ‘‘ဒေသကို အထောက်အပံ့ပြုနေခြင်း’’ ဖြစ်သည်။ တစ်နည်းအားဖြင့် ဒေသတစ်ခု၏ ယဉ်ကျေးမှု အရင်းအမြစ်များကို တူးဖော်၍ အသွင်ပြောင်းလဲပေးလိုက်ခြင်းဖြင့် ဒေသ၏ စီးပွားရေးကို ရှင်သန်လာစေပြီး၊ ထိုဒေသသို့ လူငယ်များ ပြန်လာချင်အောင် ဆွဲဆောင်နိုင်သလို ကျေးလက်ဒေသ၏ ကုန်ထုတ်စွမ်းအားကို အားသစ်လောင်း ပေးလိုက်ခြင်းလည်း ဖြစ်ပေသည်။

